# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ၂၀၂၂ - ၂၀၂၃ ခု ဘဏ္ဍာရေးနှစ်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

## ဒေါ်ဖျာကျေးရွာအုပ်စု၊ ကော့ဘော်ကျေးရွာ၊ ကော့ကရိတ်မြို့နယ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဒေါ်ဖျာကျေးရွာအုပ်စု၊ ကော့ဘော်ကျေးရွာ

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ | -၃ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ | -၄ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ | |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ<br>၄.၁။ကျေးရွာသမိုင်းကြောင်း။<br>၄.၂။ကျေးရွာရှိအိမ်ခြေအိမ်ထောင်းစုနှင့်လူဦးရေ။<br>၄.၃။တိုင်းရင်းသားလူမျိုးစုများဦးရေ<br>၄.၄။ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်<br>၄.၅။အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ<br>၄.၆။အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။<br>၄.၇။ပိုင်ဆိုင်မှုမြေဧရိယာနှင့်သဘာဝသယံဇာတများ။<br>၄.၈။အခြားသတင်းအချက်အလက်များ။ | |
| ၅။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြစ်ခြင်းလုပ်ငန်း<br>စဉ်အကျဉ်းချုပ်။ | |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool<br>တစ်ခုချင်းစီး၏မှတ်တမ်းဓာတ်ပုံများ<br>၆.၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)<br>၆.၂။ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)<br>၆.၃။ဥစ္စာခနကြွယ်ဝမှုအဆင့် (Wealth Ranking)<br>၆.၄။ပင့်ကူအိမ် (ကျား–မရေးရာ) (Spider Diagram)<br>၆.၅။ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)<br>၆.၆။အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool<br>တစ်ခုချင်းစီး၏ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။ | |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။ | |


၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

| | |
|---|---|
| ၉။ | ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များစာရင်း။ |
| ၁၀။ | ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၁ (PC – 1) |
| ၁၁။ | ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၃ (PC – 3) |
| ၁၂။ | အစည်းအဝေးမှတ်တမ်းများ |
| ၁၃။ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအစီအစဉ် |

## ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ဒေါ်ဖျာကျေးရွာအုပ်စု)




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ကော့ကမာ | ၁၅၄ | ၅၃၈ | ၅၁၃ | ၁၀၅၁ |
| ၂။ | ကော့ခမိ | ၈၄ | ၂၆၀ | ၂၅၉ | ၅၁၉ |
| ၃။ | ကော့ဖလတ္တြ | ၈၂ | ၂၃၇ | ၂၃၃ | ၄၇၀ |
| ၄။ | ကော့ဘော့ | ၇၆ | ၂၃၅ | ၂၁၂ | ၄၄၇ |
| ၅။ | ဒေါဖ်ာ | ၂၉၁ | ၁၀၃၇ | ၉၇၂ | ၂၀၀၉ |

## ၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

### ၄.၁။ ကျေးရွာသမိုင်းကြောင်း။

ကော့ဘော်ကျေးရွာကို လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ကျော်က စတင်တည်ထောင်ခဲ့သည်ဟု သိရှိရပါသည်။ ကျေးရွာကို ကုန်းမြေတည်ရှိသောနေရာများတွင် အိမ်များတည်ဆောက်၍ နေထိုင်ခဲ့ကြသည်။ ကုန်းအနေအထားအရ ကုန်းမြင့်ဖြစ်သောကြောင့် လမ်းဖောက်လုပ်ရာ၌

အဆင်ပြေချောမွေ့လှပါသည်။ သမန်ရိုးကျလုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်းကိုသာ စဉ်ဆက်မပြတ် လုပ်ကိုင်ကြသည်။ ရာသီဥတုမကောင်း၍ မဖြစ်ထွန်းသော်လည်း မိရိုးဖလာလုပ်ငန်းကိုသာ ယခုအချိန်ထိ လုပ်ကိုင်လျက်ရှိပါသည်။

ကျေးရွာတွင်းနေထိုင်သော လူမျိုးများမှာ ကရင်လူမျိုး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ကျေးရွာတွင် ကော့ဖလွတ်ရွာနှင့် ကော့ခမိရွာချင်းဆက်လမ်း ရှိပါသည်။ ကျုံဒိုးသို့သွားသောလမ်းလည်း ကောင်းမွန်ပါသည်။

ကျေးရွာ၏အရှေ့ဘက်တွင် ကော့ခမိကျေးရွာ၊ အနောက်ဘက်တွင် လယ်ကွင်းများ၊ မြောက်ဘက်တွင် ကော့ဖလွတ်ကျေးရွာ၊ တောင်ဘက်တွင် ကျုံဒိုးမြို့သို့သွားရာလမ်းရှိပါသည်။ ၎င်းကဲ့သို့ ကျေးရွာချင်းဆက်လမ်းများနှင့် ကျုံဒိုးသို့သွားရာလမ်းများ ရှိသော်လည်း မိုးတွင်းကာလများ၌ ရေကြီး၊ ရေနစ်မြုပ်၍ ၎င်းကာလများ၌ လွန်စွာအခက်အခဲကြုံတွေ့ရပါသည်။

ယခုနောက်ပိုင်းအချိန်များတွင် အဖွဲ့အစည်းများဝင်ရောက်လာပြီး ကျေးရွာသည် ယခင်နှစ်များထက် တိုးတက်ကောင်းမွန်လာပြီး စီးပွားရေးအခြေအနေများလည်း ယခင်ထက် တိုးတက်ကောင်းမွန်လာမည်ဟု မှန်းဆမျှော်မှန်းရပါသည်။

## ၄.၂။ ကျေးရွာရှိအိမ်ခြေအိမ်ထောင်စုနှင့်လူဦးရေ။

ကော့ဘော်ကျေးရွာတွင် အိမ်ထောင်စု (၆၉)စု ရှိပါသည်။ ကျေးရွာအတွင်းနေထိုင်သော လူဦးရေမှာ အမျိုးသား (၂၃၂)ဦး၊ အမျိုးသမီး (၂၁၁)ဦး၊ စုစုပေါင်း (၄၄၃)ဦး ရှိပါသည်။ ယခု အိမ်ထောင်စုနှင့်လူဦးရေစာရင်းမှာ ၂၀၂၀ခုနှစ်၊ ဇွန်လတွင် ကောက်ထားသောစာရင်း ဖြစ်ပါသည်။

## ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

ကော့ဘော်ကျေးရွာတွင်နေထိုင်းသော တိုင်းရင်းသားလူမျိုးစုမှာ ကရင်လူမျိုးဖြစ်ပါသည်။ ကရင်လူမျိုးအိမ်ထောင်စု (၆၉) စုတွင် အမျိုးသား (၂၃၂)ဦးနှင့် အမျိုးသမီး (၂၁၁)ဦး စုစုပေါင်း (၄၄၃)ဦး ရှိပါသည်။

## ၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

ကော့ဘော်ကျေးရွာတွင် သက်ကြီးရွယ်အို(၆၅နှစ်နှင့်အထက်) (၈)ဦး၊ မသန်စွမ်း (၃)ဦး တို့ရှိပါသည်။

## ၄.၅။ အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ

ကော့ဘော်ကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်း၊ မူကြိုကျောင်း(၁) ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်းနှင့် စေတီတို့ရှိပါသည်။

၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။

ရွာသူ/သားများ၏အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် လယ်စိုက်ပျိုးလုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများ ဖြစ်ပါသည်။

၄.၇။ ပိုင်ဆိုင်မှုမြေရေယာနှင့်သဘာဝသယံဇာတများ။

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစား အိမ်ဆိုင်များ၊ ထော်လာဂျီ၊ အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွားတို့ ရှိပါသည်။

၄.၈။ အခြားသတင်းအချက်အလက်များ။

အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊သာရေး/နာရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့တို့သည် ကျေးရွာတွင်းတည်ရှိသော အဖွဲ့အစည်းများ ဖြစ်ပါသည်။

ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်လည်း ချိတ်ဆက်မှုရှိပါသည်။ ပညာရေးမှူးရုံး၊ ငြိမ်းချမ်းရေး၊ ထွေအုပ်ရုံး၊ ရဲစခန်း၊ DRD, Phase M တို့နှင့်ချိတ်ဆက်ပါသည်။


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်။

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၂၈ | ၃၂ | ၆၀ | စိုက်ပျိုးရေးလုပ်ငန်း၊ နိုင်ငံခြား(ထိုင်း) ရွှေ့ပြောင်းလုပ်ကိုင်သူ များခြင်း။ |
| ၂ | ရာသီခွင်ပြ – ပြက္ခဒိန် | ၂၈ | ၃၂ | ၆၀ | မွေးမြူရေးလုပ်ငန်း၊ဝင်ငွေနည်းပါးခြင်း၊ သောက်သုံးရေ ရှားပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပွဲတော်ရက်များ |
| ၃ | ဉစ္စာခနေကြွယ်ဝမှုအဆင့် | ၂၈ | ၃၂ | ၆၀ | အဆင်မပြေသော အိမ်ထောင်စု (၁၀)စု၊အလုပ်အကိုင်ရှားပါးခြင်း၊ကျန်းမာရေး၊ ပညာရေး။ |
| ၄ | ပင့်ကူအိမ် (ကျား–မရေးရာ) | ၂၈ | ၃၂ | ၆၀ | ပညာတတ်မြောက်မှု၊ ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊အမျိုးသမီးများဝင်ငွေရအလု |


| | | | | | |
|---|---|---|---|---|---|
| | | | | | ပ်အကိုင် မရှိခြင်း၊ ကျန်းမာရေး။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၈ | ၃၂ | ၆၀ | အပ်ချုပ်စက် အမျိုးသမီးများသုံးစွဲမှုများသည်။ လက်တွန်းထွန်စက်၊ ထော်လာဂျီမြက်ရိတ်စက်၊စက်တပ်လှေ၊အမျိုးသားများသုံးစွဲမှုများသည်။ ဆိုင်ကယ်၊ ကား၊ ရေတွင်း၊ ဘုန်းကြီးကျောင်း၊လယ်၊နွားတို့ကိုအမျိုးသား၊အမျိုးသမီးတို့ကသုံးစွဲကြသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | ၂၈ | ၃၂ | ၆၀ | ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့မှသြဇာလွှမ်းမိုး၊ကျေးရွာပြင်ပတွင် ပညာရေးမှူးရုံး၊ ငြိမ်းချမ်းရေး၊ ထွေအုပ်ရုံး၊ ရဲစခန်း၊ DRD, Phase-Mတို့ လွှမ်းမိုးမှုများသည်။ |

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ**


**၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)**



## ၆.၂။ ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)



၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)



မြို့နယ် - ကော့ကရိတ်
ကျေးရွာ - ကော့ဒေါက်
ရက်စွဲ - 5.6.2020
အုပ်စု - [illegible]

ဥစ္စာဓနကြွယ်ဝမှုပြ ဇယား


| အမျိုးအစား | သတ်မှတ်ချက် / ညွှန်းကိန်း | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သော အိမ်ထောင်စု | [illegible] | 5 | 6.57% |
| မပြေလည်သော အိမ်ထောင်စု | [illegible] | 61 | 80.26% |
| အလွန်မပြေလည်သော အိမ်ထောင်စု | [illegible] | 10 | 13.15% |

ပါဝင်ဆွေးနွေးသူ - ကျား (28) + မ (32) = (60) ဦး

### ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)




## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



မြို့နယ် - ကော့ကရိတ်
ရက်စွဲ - 5.6.2020
ကျေးရွာ - ကော့ကော်
အုပ်စု - ဓါးမှာ

ပိုင်ဆိုင်မှု သုံးသပ်ခြင်းပြဇယား

| အရေးအကြီးဆုံး သုံးစွဲမှုပြဇယား | | | အရေးအကြီးဆုံး ထိန်းချုပ်မှု ပြဇယား | | |
|---|---|---|---|---|---|
| က | မ | က+မ | က | မ | က+မ |
| လက်တွန်းထွန်စက်<br>ရေစက်<br>ကား<br>ကော်ပုံ့ကွင်း<br>လယ်ယာ | ဈေးဆိုင်<br>အပ်ချုပ်စက် | TV/ဖုန်း၊ စလောင်း<br>ဓါတ်ကား<br>ဘာသာကျောင်း<br>ဓမ္မာရုံ၊ စေတီ<br>ဓာတ်ကြိုး<br>ဆိုင်ကယ်<br>ကြက်၊ဝက်၊နွား၊<br>ဆိတ်၊ ကျွဲ<br>ရော်ဘာခြံ | လက်တွန်းထွန်စက်<br>ရေစက်<br>ကား<br>ကော်ပုံ့ကွင်း<br>လယ်ယာ | ဈေးဆိုင်<br>အပ်ချုပ်စက် | TV/ဖုန်း/<br>စလောင်း<br>ဓါတ်ကား<br>ဘာသာကျောင်း<br>ဓမ္မာရုံ၊ စေတီ<br>ဓာတ်ကြိုး၊ ဆိုင်ကယ်<br>ကြက်၊ဝက်၊နွား<br>ဆိတ်၊ ကျွဲ<br>ရော်ဘာခြံ |

ပါဝင်ဆွေးနွေးသူ - က (28) + မ (32) = (60) ဦး

## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)




မြို့နယ် - ကော့ကရိတ်
ရက်စွဲ - 5.6.2020
ကျေးရွာ - ကော့ကော်
အုပ်စု - ဒေါ်ပျာ

အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

| ရွာတွင်းအဖွဲ့အစည်း | ပံ့ပိုးမှု | ပြင်ပအဖွဲ့အစည်း | ပံ့ပိုးမှု |
|---|---|---|---|
| မိုးယပ်စအေးဝါးတိုက်ကျွေးရေးအဖွဲ့ | | PHASE-M | |
| သာရေး၊နာရေးအဖွဲ့ | | DRD | |
| ကျောင်းကော်မတီ | | ငြိမ်းချမ်းရေး | |
| လူငယ်အဖွဲ့ | | ပညာရေးဌာန | |
| ရိုးသူကြီးအဖွဲ့ | | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | |
| ဓါတ အဖွဲ့ | | ရဲစခန်း | |
| အုပ်ချုပ်ရေးအဖွဲ့ | | [illegible] | |
| CDD ကော်မတီအဖွဲ့ | | | |
| ကျန်းမာရေးကော်မတီ | | | |

ပါဝင်ဆွေးနွေးသူ - ကျား( 28 ) + မ( 32 ) = ( 60 )ဦး




၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း။

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်ရလဒ်များ |
|---|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | -လယ်ယာ၊ မြစ်ချောင်း၊ သစ်တောများကို |

| | | |
|---|---|---|
| | | မှီခို၍ အသက်မွေးဝမ်းကြောင်းပြုကြသည်။<br>-သောက်သုံးရေမှာ နွေရာသီတွင် ရှားပါး၍ မိုးရာသီ၍ ရေကြီးရေလျှံမှုဖြစ်သဖြင့် သီးနှံထွက်တိုးမှု မအောင်မြင်ခဲ့ပါ။<br>- ယခုအချိန်တွင် သစ်တောများပြုန်းတီးခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် လယ်ယာများ ရေမြုပ်ပျက်ဆီးခဲ့။<br>-တစ်ရွာလုံး ဗုဒ္ဓဘာသာကိုးကွယ်သူများစွာ နေထိုင်ကြသည်။<br>တိုးတက်ရန်လိုအပ်သောအချက်များ<br>-ဆက်သွယ်ရေးကောင်းမွန်စေရန် ရွာတွင်းလမ်း၊ ရွာချင်းဆက်လမ်းများ၊<br>-ကျေးရွာလျှပ်စစ်မီး<br>-စိုက်ပျိုးရေးအတွက် ဆည်မြောင်းပြန်လည်ပြုပြင်<br>-စိုက်ပျိုးရေးနည်းစနစ်များ<br>-ပညာရေး<br>ဝင်ငွေတိုး လုပ်ငန်းရရှိရန်<br>-မွေးမြူရေး<br>-စက်မှုလက်မှုနည်းပညာသင်တန်း<br>-စိုက်/မွေးအထောက်အပံ့ပစ္စည်းများ |
| ၂ | ရာသီခွင်ပြ - ပြက္ခဒိန် | -လယ်ယာစိုက်ပျိုးရေး၊ တံငါလုပ်ငန်းကို အဓိကထားလုပ်ဆောင်ကြပြီး အခြားလုပ်ငန်းအနေဖြင့် ဈေးရောင်း/ဝယ်လုပ်ငန်းကို လုပ်ကိုင်ကြသည်။<br>-အိမ်ခြေ(၅၀)မှာ လယ်ယာ၊ အိမ်ခြေ(၁၀)မှာ တံငါလုပ်ကိုင်ကြပြီး ကျန်ရှိသူများမှာ ကျပန်းအလုပ်ကို လုပ်ကိုင်ခဲ့ကြသည်။<br>-ဝင်ငွေအနေဖြင့် လယ်ယာလုပ်သားများမှာ အမျိုးသား/သမီး (၅၀၀၀)ကျပ် တန်းတူလုပ်အားခ ရရှိသော်လည်း အခြားသောကိစ္စများတွင် အမျိုးသား/သမီးတန်းတူလုပ်အားခ မရရှိခဲ့ပေ။<br>-ထွက်ငွေမှာ လယ်ယာပိုင်ဆိုင်သူအနေဖြင့် |

| | | |
|---|---|---|
| | | ထွက်ငွေများပြီး နွေရာသီတွင်လည်း ထွက်ငွေကို ရွာသူ/သားများအားလုံးလိုလို များကြသည်။<br>-အမျိုးသမီးအသက်မွေးဝမ်းကြောင်းအနေဖြင့် ကောက်စိုက်၊ ပျိုးနုတ်၊ ငါးရောင်း၊ စျေးဆိုင်ရောင်း ကိစ္စများကို လုပ်ကိုင်သည်။<br>-အလုပ်ကိုင်ရှားပါးသောကြောင့် ပြည်ပနိုင်သို့သွားရောက်အလုပ်လုပ်ကိုင်ကြသည်။<br>-အားလပ်ချိန်တွင် ဝင်ငွေရရှိသောအလုပ်ကိုဖန်တီးရန်။<br>-အမျိုးသားများမှ တာဝန်ခွဲယူမှုနှင့် ကျား/မရေးရာသိမြင်လက်ခံလာအောင် ပြောဆိုဆွေးနွေးခဲ့။<br>-တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး။ |
| ၃ | ဥစ္စာခနကြွယ်ဝမှုအဆင့် | -ကျေးရွာတွင်ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၁၀)ရှိ။<br>-ဆင်းရဲနွမ်းပါးသည့်အကြောင်းမှာ ကျန်းပန်းအလုပ်၊ ပျိုးကြဲ၊ ကောက်စိုက်အလုပ်သမား၊ ဝါးအိမ်သေးသေးဖြင့် အသက်မွေးဝမ်းကြောင်းပြုရသဖြင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ ကလေးများခြင်း၊ကလေးများအား ကျောင်းမထားနိုင်ခြင်း။<br>-အဓိကအစီအစဉ်ရေးဆွဲရာတွင် ဆင်းရဲနွမ်းပါးသူများ၏ အားလပ်ချိန်တွင် အစီအစဉ်ရေးဆွဲပြီး သူတို့တင်ပြသော လိုအပ်ချက်များကိုအလေးထားစီစဉ်ဆောင်ရွက်ပေးခြင်း။<br>-လမ်းဖောက်၊ တံတားဆောက်လုပ်ငန်းများလုပ်ကိုင်ရာတွင် ပါဝင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေတိုးလာမည်ဖြစ်သည်။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | -အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချနိုင်မှု၊ လုံခြုံမှု၊ ကျန်းမာရေးကိစ္စများသည် အမျိုးသားများထက် အားနည်းနေသည်ကို တွေ့ရသည်။<br>ဥပမာ-အမျိုးသားများ၏ဆုံးဖြတ်ချက်ချနိုင်မှုအများဆုံးလုပ်ဆောင်ကြပြီး ပူးပေါင်းပါဝင်မှု |

| | | |
|---|---|---|
| | | အပိုင်းတွင် အမျိုးသမီးများထက် အားသာချက်ရှိနေသည်ကို တွေ့ရှိရသည်။<br>-အမျိုးသမီးများသည် ဝင်ငွေရရှိသောအပိုင်းတွင် အားနည်းနေပြီး ဝင်ငွေမရရှိသောအိမ်မှုကိစ္စဆောင်ရွက်ရာတွင် များစွာပါဝင်နေသဖြင့် အမျိုးသမီးများ၏အခွင့်အလမ်းမှာ အားနည်းသည်။<br>-ကျေးရွာတွင် အမျိုးသမီးသီးသန့် အသိပညာပေးဆွေးနွေးပွဲများလုပ်ပိုင်ခွင့်နှင့် လုပ်အားခများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တန်းတူပူးပေါင်းပါဝင်စေခြင်းဖြင့်အမျိုးသမီးများအား လက်တွဲခေါ်၍ ကူညီနိုင်သည်။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | -အပ်ချုပ်စက်၊ ဈေးဆိုင်ကို အမျိုးသမီးများအသုံးပြုကြပြီး ကိုယ်တိုင်ထိန်းချုပ်မှုကို ပြုလုပ်ခဲ့ကြသည်။<br>-လက်တွန်းထွန်စက်၊ ခြွေစက်၊ကား၊ ဘောလုံးကွင်း၊ လယ်ယာတို့ကို အမျိုးသားများအသုံးပြု၍ ထိန်းချုပ်မှုပြုလုပ်ကြသည်။<br>-တီဗီ၊ဖုန်း၊စလောင်း၊တံတား၊ စာသင်ကျောင်း၊ ဓမ္မရုံ၊ စေတီ၊ စက်ဘီး၊ ဆိုင်ကယ်၊ ကြက်၊ ဝက်၊ နွား၊ကျွဲ၊ ရာဘာခြံတို့ကို အမျိုးသားအမျိုးသမီး အတူအသုံးပြုကြပြီး တန်းတူထိန်းချုပ်မှုကို ပြုလုပ်ကြသည်။<br>-အမျိုးသမီးများ၏ ထိန်းချုပ်မှုအပိုင်းသည် အားနည်းနေသည်ကိုတွေ့ရသဖြင့် အမျိုးသမီးများအား ဆုံဖြတ်ချက်ချခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် အမျိုးသားများနှင့်တန်းတူဆွေးနွေးပါဝင်ခြင်း၊အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် အမျိုးသမီးများ၏ အခွင့်အရေးပိုမိုအားကောင်းလာမည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | -ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် အခြားသောအဖွဲ့အစည်း၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် တိုးတက်ရေးလုပ်ငန်းတွင် အဓိကဦး |

| | | |
|---|---|---|
| | | ဆောင်သည်။<br>-လူငယ်အဖွဲ့၊ အိုးသူကြီး၊ ဂေါပကအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေးအဖွဲ့တို့တွင် အဓိကပါဝင်ဆောင်ရွက်ကြသည်။<br>-ကျောင်းကော်မတီအဖွဲ့သည် ပညာရေးမှူးရုံးနှင့် ပြင်ပအဖွဲ့အစည်းအနေဖြင့် ချိတ်ဆက်ကြသည်။<br>-ကျန်းမာရေးအဖွဲ့သည် အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ချိတ်ဆက်လုပ်ကိုင်ကြသည်။<br>-အုပ်ချုပ်ရေးအဖွဲ့သည် DRD၊ ရဲစခန်း၊ Phase -Mအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးမှူး၊ ပညာရေးမှူး၊ငြိမ်းချမ်းရေးအဖွဲ့အစည်းများဖြစ်သော ပြင်ပအဖွဲ့အစည်းများနှင့် ထိတွေ့လုပ်ဆောင် ကြသည်။ |

၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။





၉။ ကျေးရွာကော်မတီဝင်စာရင်းများ

| စဉ် | အမည် | ကျား၊မ/ | အသက် | မှတ်ပုံတင်နံပါတ် | ရာထူး |
|---|---|---|---|---|---|
| ၁ | ဦးဟိန်းသူမြင့် | ကျား | ၃၀ | - | နယက |
| ၂ | ဦးညွန့်မြိုင် | ကျား | ၅၃ | ၃ကကရ/(နိုင်)၀၄၇၉၅၃ | ဥက္ကဋ္ဌ |
| ၃ | ဒေါ်မူးဒါးဒူး | မ | ၄၃ | ၃/ကကရ(နိုင်၁၁၇၉၅၃( | ဝယ်ယူရေးဥက္ကဋ္ဌ |
| ၄ | ဦးကျော်ဖော့ဝီး | ကျား | ၄၉ | - | အတွင်းရေးမှူး |
| ၅ | နန်းကြည်ဝင်း | မ | ၃၉ | ၃/ ကကရ (နိုင်၂၇၆၈၄၂ | စာရင်းကိုင် |
| ၆ | မန်းအေးမြင့် | ကျား | ၄၁ | ၃/ ကကရ (နိုင်)၁၄၁၄၉၄ | ဘဏ္ဍာရေးမှူး |
| ၇ | ဦးလှ | ကျား | ၄၆ | - | အဖွဲ့ဝင် |
| ၈ | နန်းခင်အေးယု | မ | ၄၁ | - | အဖွဲ့ဝင် |

၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၁ (PC – 1)

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင်အမည်<br>ဦးမန်းသိန်းဝင်း | | ကျေးရွာခေါင်းဆောင်<br>ဖုန်းနံပါတ်–၀၉၇၈၈၁၀၅၅၀၂ | လူထုစည်းရုံးရေးမှူးအမည် –<br>ဦးစောဌေးရီ |
| ပြည်နယ်–ကရင် | မြို့နယ် – | ကျေးရွာအုပ်စု – ဒေါဖျာ | ကျေးရွာ – ကော့ဘော် |

| | ကော့ကရိတ် | | |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၇၆ | ဗုဒ္ဓ | ၇၆ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ……………………….. | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၃ |
| သက်ကြီးရွယ်အို (၆၅နှစ်နှင့်အထက်) | ၈ |
| စစ်ဘေးရှောင် | - |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၂၃၅ | ၂၁၂ | ၄၄၇ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ……………………….. | | | |
| အိမ်ထောင်ဦးစီး | ၆၅ | ၂၁ | ၇၆ |

ခ။ အခြေခံအဆောက်အအုံအသုံးအဆောင်များ

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | ✓ |
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်း | ✓ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | ✓ | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |

| မှတ်ချက် | မှတ်ချက် | အခြား | |
|---|---|---|---|
| | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်းသို့အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက်တန်းဆရာ/မ | | | ဆရာဝန် | | | လက်သမား | ✓ | |
| အလယ်တန်းဆရာ/မ | | | ကျန်းမာရေးမှူး | | | ပန်းရံ | ✓ | |
| မူလတန်းဆရာ/မ | ✓ | ✓ | ကျန်းမာရေးဆရာမ | | | လျှပ်စစ်ကျွမ်းကျင် | | |
| မူကြို ဆရာ/မ | ✓ | | သားဖွားဆရာမ | | | ရေပိုက်သွယ် | ✓ | |
| အခြား | | | ကျန်းမာရေးလုပ်သား | | | စက်ပြင် | | |

(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသောလမ်းအခြေအနေ

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား – ချောင်း

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၁. လူထုဗဟိုပြုစီမံကိန်းမစတင်မီကျေးရွာတွင်ဖွံ့ဖြိုးရေးစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

၂. ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ? (......)/မသိပါ

၃. ထိုစီမံချက်ကိုမြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁. ကျေးရွာ၏ဗဟိုမှအုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။ ( ၃ )မိုင်/မသိပါ

၂. ကျေးရွာမှအုပ်စုရွာသို့သွား/လာရာတွင်အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် ၁:၃၀ မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား...............

မိုးရာသီကြာချိန် ၁း၃၀ မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား...............

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးပါသလား?

.......မရှိပါ/( ✓) ရှိပါသည်/ရှိလျှင်ဖော်ပြပါ (မိုးရာသီ၌ မြစ်ရေကြီးခြင်း)

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှဖွဲ့စည်းထားသောအဖွဲ့များရှိပါသလား?

(၁) ---------------------------------- (၂) ----------------------------

(၃) ---------------------------------- (၄) ----------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှမှတ်တမ်းတင်ထားခြင်း။

.......မရှိပါ။(✓)ရှိပါသည်။

၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၃ (PC – 3)

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် – စောဌေးရီ၊ ရဲနိုင်ထွန်း | | | |
| နေ့စွဲ – | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ – စက်ဝန်း၁ (..)။စက်ဝန်း၂(..) စက်ဝန်း၃ (✓)၊စက်ဝန်း၄ (..) | | |
| ပြည်နယ်–ကရင် | မြို့နယ်– ကော့ကရိတ် | ကျေးရွာအုပ်စု– ဒေါဖျာ | ကျေးရွာ– ကောဘော် |

(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| ကျေးရွာတွင်း/ရွာပြင်လမ်းလမ်း မိုးရာသီ၌ ဗွက်ထခြင်း၊ ရေမြုပ်ခြင်းတို့ကြောင့် ကလေးငယ်များ၊ ခရီးသွားများ သွားလာရာတွင် အန္တရာယ်များခြင်း။ | ကျား... | မ.... | ကျား+မ ✓ |
| စာသင်ကျောင်း၌ သောက်သုံးရေရှားပါးသောကြောင့် ကလေးငယ်များ ရေအတွက် အချိန်ယူနေရခြင်း စာကိုအချိန်ပြည့် မသင်ကြားနိုင်ခြင်း။ | ကျား... | မ.... | ကျား+မ ✓ |

| | | | |
|---|---|---|---|
| ရွာတွင်းလျှပ်စစ်မီးမရှိသဖြင့်ညအချိန်တွင်မြွေဆိုးအန္တရာယ် ကြောက်ရခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| စာသင်ကျောင်းအတွင်း ကလေးငယ်များအတွက် အားကစားပစ္စည်းမရှိသဖြင့် ကိုယ်ကာယကျန်းမာရေးအတွက် မပံ့ပိုးပေးနိုင်ခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| ရွာတွင် နွေရာသီ၌ သောက်သုံးရေရှားပါးခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ ကြုံတွေ့ရခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| စိုက်ပျိုးရေးနည်းပညာအားနည်းခြင်း၊ဆည်မြောင်းကြီးတွင် တိမ်လာခြင်းကြောင့် လယ်ယာလုပ်ငန်းအတွက် အခက်အခဲ ကြုံနေရခြင်း။ | ကျား... | မ…. | ကျား+မ ✓ |
| စာသင်ကျောင်းဆရာ/မများအတွက် ဝန်ထမ်းအိမ်ယာ မလုံလောက်သဖြင့် ဝန်ထမ်းများအပြောင်းအရွှေ့များခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| | ကျား… | မ…. | ကျား+မ … |
| | ကျား… | မ…. | ကျား+မ … |

(ခ) မျှော်မှန်းခြင်း – နောင်လာမည့် ( ၅ )နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေး လျာထားချက်များ

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| ကျေးရွာတွင်း/ပြင်လမ်းများ ကောင်းမွန်ကာ တစ်နှစ်ပတ်လုံး သွားလာရေးအဆင်ပြေပြီး ကျန်းမာရေး၊ စီးပွားရေးအတွက် အချိန်မီဆောင်ရွက်နိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| စာသင်ကျောင်း၌ သောက်သုံးရေလုံလောက်စွာရရှိပြီး ကလေးငယ်များအတွက် ရေကိုအချိန်ပေးစရာမလိုတော့ဘဲ စာပေကို သေချာစွာသင်ကြားနိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| လျှပ်စစ်မီးရရှိကာ ညအချိန်သွားလာရာတွင် မြွေးဆိုးအန္တရာယ်မှ ကာကွယ်နိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| ကျောင်းအားကစားကွင်းအတွင်းအားကစားပစ္စည်းစုံလင်စွာရှိပါက ကိုယ်ကာယကျန်းမာရေးအတွက် အထောက်အကူပြုနိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| ၁၂လ ရာသီပတ်လုံး သောက်သုံးရေရရှိပြီး ကျန်းမာရေးအတွက် အကာအကွယ်များ ရရှိလာနိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| စိုက်ပျိုးရေးနည်းစနစ်ကောင်းမွန်စွာရရှိပြီး ဆည်မြောင်းကြီးအတွင်း ရေရရှိကာ လယ်ယာစပါးများကို ထိရောက်စွာ စိုက်ပျိုးနိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| ဝန်ထမ်းအိမ်ရာလုံလောက်စွာ ရရှိပြီး ဆရာ/မများကျေးရွာ | ကျား… | မ…. | ကျား+မ ✓ |

| တွင်အပြောင်းရွှေ့မရှိ ထိရောက်စွာ သင်ကြားနိုင်မည်။ | | | |
|---|---|---|---|

## (ဂ) လူထုစီမံကိန်း၏နောင်လာမည့် ( ၄ )နှစ်တာအတွက် အကျိုးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| ဦးစားပေး အဆင့်သတ်မှတ်ချက် | ကျေးရွာဖွံ့ဖြိုးရေး အတွက်လုပ်ငန်း အစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊ (ကျား+မ) | အခန်းကဏ္ဍ | ခန့်မှန်း ကုန်ကျစရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်း အရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း | ကျား+မ | လမ်းပန်းဆက်သွယ်ရေး | ၁၁၀၀၀၀၀၀ | ၂၃၅ | ၂၁၂ | ၄၄၇ |
| ၂ | မူလတန်းကျောင်းရေစင်တည်ဆောက်ခြင်းလုပ်ငန်း | ။ | ပညာရေး | ၅၀၀၀၀၀၀ | ။ | ။ | ။ |
| ၃ | လျှပ်စစ်မီးလင်းရေးလုပ်ငန်း(မီးစက်) | ။ | မီးလင်းရေး | ၉၀၀၀၀၀၀ | ။ | ။ | ။ |
| ၄ | လက်တူးတွင်းနှင့်အဝီစိတွင်းရေရရှိရေးလုပ်ငန်း | ။ | ရေနှင့်သန့်ရှင်းရေး | ၆၀၀၀၀၀၀ | ။ | ။ | ။ |
| ၅ | ရွာချင်းဆက်မြေသားလမ်းခင်းခြင်းလုပ်ငန်း (ကော့ဘော်–ကော့ခမိ) | ။ | လမ်းပန်းဆက်သွယ်ရေး | ၁၁၀၀၀၀၀၀၀ | ။ | ။ | ။ |
| ၆ | ရွာချင်းဆက်မြေသားလမ်းခင်းခြင်း(ကော့ဘော်–ကော့ဖလွတ်) | ။ | လမ်းပန်းဆက်သွယ်ရေး | ၆၀၀၀၀၀၀ | ။ | ။ | ။ |

## (ဃ) လူထုစီမံကိန်း၏နောင်လာမည့် ( ၄ )နှစ်အတွက် အကျိုးမဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊ (ကျား+မ) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စာသင်ကျောင်းအားကစားပစ္စည်း | ကျား+မ | ပညာရေး |
| ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်း | ။ | စိုက်ပျိုးရေး |
| ၃ | ကျောင်းဆရာ/မအိမ်ယာရရှိရေး | ။ | ပညာရေး |
| ၄ | အကြီးစားဆည်မြောင်းပြုပြင်တိုးချဲ့ခြင်း | ။ | စိုက်ပျိုးရေး |
| ၅ | | ။ | |
| | | | |
| | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာအုပ်စု | = | ဒေါဖျာအုပ်စု |
| ကျေးရွာ | = | ကော့ဘော်ကျေးရွာ |
| တက်ရောက်သူဦးရေ | = | ကျား(၂၀)+မ(၃၀)=(၅၀)ဦး |
| နေ့စွဲ | = | ၇.၇.၂၀၂၂ |
| နေရာ | = | ဘုန်းကြီးကျောင်း |

အစည်းအဝေးခေါင်းစဉ် = (ပထမ/ဒုတိယ)အကြိမ်အစည်းအဝေး

ဆွေးနွေးသည့်အကြောင်းအရာ။ စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများ ပြန်လည်ဆွေးနွေး

ပြောပြခြင်း

ကျေးရွာအုပ်ချုပ်ရေးမှုးမှ အဖွင့်အမှာစကားပြောကြားပြီ စီမံကိန်းဝန်ထမ်းမှ စီမံကိန်းအကြောင်း နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ကျေးရွာလူထုအားအုပ်စု (၂)စုခွဲပြီး ကျေးရွာမြေပုံ၊ ပိုင်ဆိုင်မှု၊ ချမ်းသာကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြဇယား၊ ပင့်ကူအိမ်၊ ယင်းပုံစံများကို အုပ်စုလိုက် ဆွေးနွေးခြင်း၊ ကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ မျှော်မှန်းချက်နှင့် ဦးစားပေး အချက်အခဲများကို အုပ်စုလိုက်ဆွေးနွေးခြင်း၊ကျေးရွာလူထု၏ အခက်အခဲများကို ဖော်ထုတ်ပြီး ပြဿနာသစ်ပင်ရေးဆွဲခြင်း၊ ဝေဖန်အကြံပြုတိုင်ကြာရေးစနစ် အကြောင်း၊ ကျား/မ ကဏ္ဍအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာစေတနာ့ဝန်ထမ်းနှင့် ကော်မတီများ ပြန်လည်ရွေးချယ်ခြင်း ဖြစ်ပါသည်။

ဆုံးဖြတ်ချက်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်းနှင့် ရည်ရွယ်ချက် များကို ကျေးရွာလူထု များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ကော်မတီဝင်များ ပြန်လည်ဖွဲ့စည်းပြီးနောက် ကျေးရွာလူထုအား အဖွဲ့(၂)ဖွဲ့ခွဲပြီး PRA Tools ပုံစံများကို အားလုံးပူးပေါင်း ပါဝင်၍ ပူးတွဲပါ မှတ်တမ်းများ နှင့်တကွ သဘောတူရွေးချယ် ဆုံးဖြတ်ခဲ့ပါသည်။

ပြုလုပ်သည့်အရာများ ၁။ ကျေးရွာမြေပုံရေးဆွဲခြင်း

၂။ ရာသီခွင်ပြဇယား

၃။ အဖွဲ့အစည်းချိတ်ဆက်မှု

၄။ ဥစ္စာဓနကြွယ်ဝမှုပြဇယား

၅။ ကျား/မပိုင်ဆိုင်မှုပြဇယား

၆။ ပင့်ကူအိမ်ပြဇယား စသည်တို့ကို ရေးဆွဲခဲ့ပါသည်။

ထို့နောက် ကျေးရွာ၏အခက်အခဲကို ပုံစံ(၃)တွင် ဖြည့်သွင်းခဲ့ပါသည်။အခက်အခဲတစ်ခုကို အခြေခံပြီး ပြဿနာသစ်ပင်ကိုရေးဆွဲခဲ့ပါသည်။ ရေးဆွဲခဲ့သည့် ပြဿနာသစ်ပင်မခက်အခဲများ၏ အကျိုးဆက် နှင့် ရလဒ်များကို ကျေးရွာလူထုများ ပါဝင်ဆွေးနွေးခဲ့ပါသည်။ပြဿနာသစ်ပင်ရေးဆွဲပြီးနောက် အစည်းအဝေး တက်ရောက်လာသူများကို ကျေးဇူးတင်စကား ပြောကြားပြီး အစည်းအဝေးကို ရုတ်သိမ်း ခဲ့ပါသည်။

မှတ်တမ်းတင်သူ

မိခိုင်သဇင်မွန်၊ အင်/ယာ-၃

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးအစီအစဉ်

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | စီမံချက်အမည် | အတိုင်းအတာ/ ကြိမ်ရေ/ဦးရေ | ခန့်မှန်းကုန်ကျငွေ (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဒေါ်ဖျာ | ကော့ဘော် | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၈၀၀'x၁၀'x၆" | ၁၇.၇၄ | ၂၀၂၂-၂၀၂၃ VDP |
| | | | မူလတန်းကျောင်းရေစင်တည်ဆောက်ခြင်းလုပ်ငန်း | | | |
| | | | လျှပ်စစ်မီးလင်းရေးလုပ်ငန်း(မီးစက်) | | | |
| | | | လက်တူးတွင်းနှင့်အဝီစိတွင်းရရှိရေး | | | |